၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့မှ အစပြု၍ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များကို စမ်းသပ်ကာလ(၁)နှစ်ဖြင့် ကမ္ဘာလှည့်ခရီးသွားဗီဇာကင်းလွတ်ခွင့် (Visa Exemption) ဖြင့် အောက်ပါအတိုင်း ခွင့်ပြုသွားပါမည်-

- လေကြောင်းခရီးစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များဖြစ်သော ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လေဆိပ်များသို့ ရောက်ရှိလာမည့် သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များအား ဆိုက်ရောက်ဗီဇာ (Visa on Arrival) (ကမ္ဘာလှည့်) စနစ်ဖြင့် ဝင်ခွင့်ပြုမည်ဖြစ်ပါသည်၊
- ဆိုက်ရောက်ဗီဇာ အခကြေး အမေရိကန်ဒေါ်လာ (၅၀) ကောက်ခံ၍ ရက် (၃၀) နေခွင့်ပြုမည် ဖြစ်ပါသည်၊
- အလည်အပတ်ဝင်ရောက်ခြင်းအတွက်သာ ခွင့်ပြုမည်ဖြစ်ပြီး ခွင့်ပြုဗီဇာ အမျိုးအစားမှာ Tourist Visa တစ်မျိုးတည်းသာ ခွင့်ပြုသွားမည်ဖြစ်ပါသည်၊
- နေခွင့်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားခြင်းကို ခွင့်ပြုမည်မဟုတ်ပါ၊
- ဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်လာသော သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူ အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့် ခရီးသည်များသည်-

  (က) မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊လုပ်ထုံးလုပ်နည်းများကို လေးစား လိုက်နာရမည်၊

  (ခ) မြန်မာနိုင်ငံအတွင်း လုံခြုံရေးအရ ကန့်သတ်ထားသော နယ်မြေမှအပ နိုင်ငံခြားသားများ သွားလာခွင့်ရှိသည့်နေရာများကို လွတ်လပ်စွာ သွားလာနိုင်သည်၊

  (ဂ) ဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်ရန် ရောက်ရှိလာသူသည် သက်ဆိုင်ရာ လုံခြုံရေးဌာန၊ အဖွဲ့အစည်းနှင့် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနတို့မှ စိစစ်ပြီး ဝင်ခွင့်မပြုနိုင်သူဖြစ်လျှင် ဝင်ရောက်ခွင့်ကို ငြင်းပယ်ခြင်းခံရမည်၊

  (ဃ) အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်လာသူသည် မည်သည့်အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်မှမဆို ပြန်လည်ထွက်ခွာနိုင်မည်၊

Terms and Conditions for the Indian Tourists to apply for Visa on Arrival

(a) The Indian tourists holding Ordinary Passport are allowed Visa on Arrival at Yangon International Airport, Mandalay International Airport and Nay Pyi Taw International Airport within one appointed year, from 1st December, 2018 to 30th November 2019.

(b) US $ 50 per person for Visa on Arrival fee will be collected and allowed to stay (30) days.

(c) It is allowed only Tourist Visa for the purpose of visit.

(d) It is not allowed for the Visa extension.

(e) The Indian Ordinary Passport holders-

(1) must obey the Myanmar's existing law and procedures

(2) can visit around the permitted areas freely except from the restricted areas within the country

(3) can be rejected the entry permit if the tourist is not allowed by the immigration

(4) can depart from any international gateways